191031

GGI INSURANCE • အာမခံ

Grand Guardian Insurance Public Co., Ltd.
No. (19/20) A, B, C, D, Junction Square Compound,
Pyay Road, Kamayut Township,
Yangon, Myanmar.

T (+951) 230 5700, 230 5701
F (+951) 230 4368
Hot Line (+951) 230 6366
E info@ggipinsurance.com
www.ggipinsurance.com

**Grand Guardian Insurance Holding Public Company မှ မြန်မာနိုင်ငံတွင် အထွေထွေအာမခံ နှင့် အသက်အာမခံ လုပ်ငန်းများအား ဖက်စပ်ကုမ္ပဏီ ပြုလုပ်ရန် အတွက် အဆိုတင်သွင်းခြင်း။**

ရန်ကုန်၊ မြန်မာ ၂၆၊ ဧပြီ၊ ၂၀၁၉ ။ ။ယနေ့၂၆ ဧပြီလ ၊၂၀၁၉ ခုနှစ်တွင် Grand Guardian Insurance Holding Public Company Limited (GGIH) မှ အထွေထွေ အာမခံလုပ်ငန်းအား ဖက်စပ်ကုမ္ပဏီ ပြုလုပ်ခွင့် အဆိုပြုလွှာ နှင့် အသက်အာမခံ လုပ်ငန်းအား ဖက်စပ် ကုမ္ပဏီ ပြုလုပ်ခွင့် အဆိုပြုလွှာ တင်သွင်း ခဲ့ပါသည်။

GGIH အနေဖြင့် ၂၀၁၃ ခုနှစ်တွင် အများပိုင်ကုမ္ပဏီအဖြစ် စတင်တည်ထောင်ခဲ့ပြီး အသက်အာမခံ နှင့် အထွေအထွေအာမခံ လုပ်ငန်းများအား မြန်မာပြည်အတွင်းရှိ အာမခံကိုယ်စားလှယ်များ နှင့် လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ပါသည်။

**<u>အထွေထွေအာမခံအားဖက်စပ်ကုမ္ပဏီပြုလုပ်ခြင်း</u>**

Grand Guardian General Insurance Company Limited (GGGI) အနေဖြင့် Tokio Marine & Nichido Fire Insurance Co., Ltd (Tokio Marine) နှင့် အထွေထွေအာမခံ လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်လိုသည့် အဆိုပြုလွှာအား တင်သွင်းခဲ့ပါသည်။ ယင်းအဆိုပြုလွှာတွင် Tokio Marine မှ GGGI နှင့် အထွေထွေအာမခံလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရန် နှင့် မြန်မာပြည်ဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် အတွက် ၃၅% ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိ ကြောင်း အဆိုတင်သွင်းခဲ့ပါသည်။

Tokio Marine သည် ၂၀၁၅ခုနှစ်၊မေလမှ စတင်၍ သီလဝါအထူးစီးပွားရေးဇုန် ၌ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် ရရှိခဲ့ပါသည်။ GGGI နှင့် Tokio Marine တို့သည် ကုမ္ပဏီအချင်းချင်း ပိုမိုကောင်းမွန်သော ဆက်ဆံရေးရရှိရန် နှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာအား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် ရေးထိုး ခဲ့ပါသည်။ Tokio Marine ၏ နည်းပညာအကူအညီ ဖြင့် GGGI သည် Ocean Marine Cargo insurance (ပြည်ပရေကြောင်းပို့ကုန်အာမခံလုပ်ငန်း) အား ၂၀၁၉ခုနှစ် ၊ ဇန်နဝါရီလတွင် မြန်မာပြည် ရှိ ပုဂ္ဂလိကအာမခံကုမ္ပဏီ များ အနက် ပထမဆုံး ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။

191032

GGI INSURANCE • အာမခံ

**Grand Guardian Insurance Public Co., Ltd.**
No. (19/20) A, B, C, D, Junction Square Compound,
Pyay Road, Kamayut Township,
Yangon, Myanmar.


T (+951) 230 5700, 230 5701
F (+951) 230 4368
Hot Line (+951) 230 6366
E info@ggipinsurance.com
www.ggipinsurance.com

## အသက်အာမခံလုပ်ငန်းအား ဖက်စပ်ကုမ္ပဏီပြုလုပ်ခြင်း

Grand Guardian Life Insurance Company Limited (GGLI) သည် Nippon Life Company နှင့် အသက်အာမခံ လုပ်ငန်းများအား မြန်မာပြည်အတွင်း ပူးပေါင်း ဆောင်ရွက်လိုကြောင်း အဆိုပြုလွှာ တင်သွင်းခဲ့ပါသည်။ ယင်းအဆိုပြုလွှာ တွင် Nippon Life Company မှ ရင်းနှီးမြှုပ်နှံခွင့် ၃၅% ပါဝင်လိုကြောင်း အဆိုပြုထားပါသည်။

Nippon Life Company အနေဖြင့် မြန်မာပြည် ဈေးကွက် အတွင်း အသက်အာမခံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်တွင်းအာမခံကုမ္ပဏီ များနှင့် လည်းကောင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များနှင့် လည်းကောင်း လိုအပ်သည့်သတင်း အချက်အလက်များ ဖြန့်ဝေခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။ Nippon Life Company သည် ယင်း၏အာမခံကိုယ်စားလှယ်ရုံးအား ၂၀၁၈ခုနှစ် တွင် ရန်ကုန်မြို့ ၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။

## ဖက်စပ်ကုမ္ပဏီဖွဲ့စည်းပုံ



INSURANCE • အာမခံ

**Grand Guardian Insurance Public Co., Ltd.**
No. (19/20) A, B, C, D, Junction Square Compound,
Pyay Road, Kamayut Township,
Yangon, Myanmar.

T (+951) 230 5700, 230 5701
F (+951) 230 4368
Hot Line (+951) 230 6366
E info@ggipinsurance.com
www.ggipinsurance.com

GGIH ၊ Tokio Marine နှင့် Nippon Life တို့သည် မြန်မာပြည်တွင်း အာမခံလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာရန် နှင့် မြန်မာပြည်သူလူထုအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည့် အာမခံ အမျိုးအစားများ ပေါ်ထွန်းလာနိုင်ရန် ကြိုးပမ်းဆောင်ရွက် သွားမည် ဖြစ်ပါသည်။

----ပြီး----

MEDIA CONTACT

ဦးမျိုးနောင်

အုပ်ချုပ်မှုဒါရိုက်တာ

Grand Guardian Insurance Holding Public Co., Ltd

Email : myonaung@ggipinsurance.com

Mobile : +95 95191988